# ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

# ညောင်တုန်းမြို့နယ်

# တူးချောင်းကျေးရွာအုပ်စု၊ ငှက်ထိုးကျေးရွာ

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၇-၂၀၁၈)**

**(ကျေးရွာ၏လက်ရှိအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)**

**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**(ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)**

**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ**

**မာတိကာ**

မာတိကာ ၁
စကားချီး ၅
ငှက်ထိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ညောင်တုန်းမြို့နယ် ၆
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**
၇
**၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၈
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**
၉
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု
**၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**
၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၁၅

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ**
၁၆

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**
၁၈

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ** ၂၄

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၅

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၇

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စု များ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ(၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၅၆

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)**

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၅၉

**ကိုးကားစာရင်း** ၆၃

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၆၄

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ငှက်ထုံး ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များ ကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ် များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန် လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ညောင်တုန်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။

စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငှက်ထိုးကျေးရွာ

ညောင်တုန်းမြို့နယ်




**ငှက်ထုံးကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်တုန်းမြို့နယ်**

**ရည်ညွှန်း** - ငှက်ထုံးကျေးရွာ၊ တူးချောင်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်တွင် ပြုလုပ်သောကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ညောင်တုန်းမြို့သည် မအူပင်ခရိုင်၊ဧရာဝတီတိုင်းတွင် တည်ရှိပြီး မြောက်လက်တ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ်မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၃၄၈.၂၃ စတုရန်းမိုင် (၂၂၈၆၈ ဧက) ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှ မြောက်သို့ (၂၃.၀၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေတွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေပြန့်ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်များပေါများပြီး ဧရာဝတီမြစ်နှင့် ဘောလယ်မြစ်များ တည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံ့တေးမြို့နယ်၊ အနောက်ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံ့တေးမြို့နယ် နှင့် မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့နှင့် ထိစပ်လျှက် ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ˚C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၁၂ ˚C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၉၄.၉၈) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလ မှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ငှက်ထုံးကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါ သည်။ တူးချောင်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး ရန်ကုန်-ညောင်တုန်းကားလမ်းသည် ကျေးရွာ၏အလယ်တွင်ဖောက်လုပ်ထားသောကြောင့် ကားလမ်းမဘေး ဝဲ ယာတွင် တည်ရှိ ပါသည်။ ညောင်တုန်းမြို့နှင့်(၃)မိုင် ကွာဝေးပြီး ရန်ကုန်မြို့နှင့် (၃၄)မိုင်ကွာဝေးပါသည်။ ငှက်ထုံးကျေးရွာ၏ ဘေးပတ်ဝန်းကျင်ကျေးရွာများမှာ မြန်မာကရင်စုကျေးရွာ၊ တူးချောင်း ရွာမကျေးရွာ၊ ညောင်ပင်စုကျေးရွာ၊ ကလိန်ချောင်းကျေးရွာ၊ ကွင်းကလေးကျေးရွာ၊ ကွင်းကလေးကျေးရွာနှင့် အုန်းပင်စုကျေးရွာတို့ဖြစ်ပါသည်။ ကျေးရွာအတွင်းနေထိုင်သော မိသားစုများသည် အများစုမှာ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ပြီး အနည်းစုမှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် အသေးစားငါးဖမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်း နေထိုင်ကြသော အိမ်ထောင်စုပေါင်း (၁၉၀)ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

**ကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာများ ထွက်ရှိမှုမရှိသော်လည်း ကျေးရွာရှိ ဆေးဖက်ဝင်အပင်များဖြစ်သည့် လောက်သေ၊ သက်ရင်းကြီး၊ ဆင်တုံးမနွယ်၊ လင်းနစ်ဇုံး၊ ရှားစောင်းလက်ပတ်၊ ကြိတ်မှန် စသည်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ အသင့်အတင့်ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။**

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

**ငှက်ထုံးကျေးရွာသည် အိမ်ထောင်စု (၁၉၀)စု ရှိပြီး စုစုပေါင်းလူဦးရေ (၈၆၇)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေမှာ (၄)ဦးနှုန်းသာ ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ အသက်(၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၆၃၆)ဦးရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့်(၆၄)နှစ်အထက်လူဦးရေစုစုပေါင်း (၂၃၀)သည် မှီခိုသူများဖြစ်ပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင် ပါသည်။**

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

**ကျေးရွာသား ကျေးရွာသူများကိုယ်တိုင် စီစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၁၉၀)မှ (၁၃၉) အိမ်ထောင်စုမှာ ဆင်းရဲသော**

အိမ်ထောင်စုများဖြစ်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ(၁၉)စုရှိပြီး လယ်(၁၀)ဧက အထက်ပိုင်ဆိုင်သူများဖြစ်ကြသည်။ အိမ်ပိုင်ဆိုင်မှုအခြေအနေမှာ တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းများဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ (၃၀)စုရှိပြီး လယ်(၅ဧက နှင့် ၁၀ဧက)ကြားပိုင်ဆိုင်မှု ရှိကြပါသည်။ အိမ်အခြေအနေမှာ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု အခြေအနေမှာ လယ်မြေပိုင်ဆိုင်မှုရှိကြသောအိမ်ထောင်စုအားလုံး စက်ကိရိယာပိုင်ဆိုင်မှု မရှိကြပါ။ နွား၊ ဝက်၊ ကြက်၊ ဘဲများကို တစ်နိုင်တစ်ပိုင်မွေးမြူကြသော်လည်း မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိပါ။ တစ်စနှစ်ဝင်ဖြင့် တစ်နှစ်အတွင်း စားဝတ်နေရေးအတွက် ဖြေရှင်းရာတွင် လုံလောက်မှုရှိသောကြောင့် အကြွေးတင်ရှိမှု နည်းပါးကြောင်း တွေ့ရှိရသည်။ ဆင်းရဲသောမိသားစုများတွင် လယ်(၅ဧက)အောက် ပိုင်ဆိုင်မှု ရှိကြသော်လည်း အချို့မှာ မြေယာမဲ့များဖြစ်ကြပါသည်။ အိမ်ပိုင်ဆိုင်မှု အခြေအနေမှာ ပျဉ်ခင်း၊ ဝါးထောင်၊ ထရံကာ၊ ဓနိမိုးအိမ်များဖြစ်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု များတွင်ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုပို၍များသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ငှက်ထုံးကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၃၉)စု ရှိသည့် အနက် (၉၀) အိမ်ထောင်စုမှာ (၆)လအောက် ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန် စားသောက်နိုင်ပြီး (၃၃) အိမ်ထောင်စုမှာ (၃-၅)လအထိ ဝမ်းစာဖူလုံမှုရှိ၍ (၃၀)အိမ်ထောင်စုမှာ (၆)လနှင့် အထက် ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်အောင် စားသောက်နိုင်ကြကာ (၁၆)အိမ်ထောင်စုမှာ (၃)လအောက်ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်အောင်စားသောက်နိုင်သည်။ ၎င်းတို့သည် လုပ်အားခ အကြွေးယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသား တောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးပါသည်။

**လစဉ်တစ်နှစ်အောက်ကလေးများအား ပေါင်ချိန်ခြင်း၊ (၅)နှစ်အောက်ကလေးများအား လက်မောင်းပတ်တိုင်းခြင်းနှင့် (၆)လတစ်ကြိမ် ဗီတာမင်-အေ နှင့် သံချဆေးများတိုက်ကျွေး ပေးပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအား အပတ်စဉ်သောကြာနေ့တိုင်း ကျန်းမာရေး စောင့်ရှောက်မှု ပေးပါသည်။ ကျန်းမာရေးဆေးခန်းတွင် သွားဖွားခန်းရှိသည့်အတွက် မွေးဖွား ရာတွင် လုံခြုံစိတ်ချ၊ အန္တရာယ်ကင်းစွာနှင့်မွေးဖွားနိုင်ပါသည်။ အရေးကြီးသည့် လူနာ များအား(၃ မိုင်)ခန့် ဝေးကွာသည့် ညောင်တုန်းမြို့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးတွင် ယင်လုံအိမ်သာသုံးစွဲမှုမှာ စုစုပေါင်းအိမ်ခြေ၏ ထက်ဝက်ခန့် ရှိပါသည်။ သောက်သုံးရေရရှိမှုမှာ သောက်ရေအတွက် ဘုန်းကြီးကျောင်းရှိ ကန်မှရရှိပြီး တစ်နှစ်ပတ်လုံးလုံလောက်မှုရရှိ၍ တုံကင်နှင့်ရေတွင်းများမှလည်း သုံးရေရရှိပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ကျန်းမာရေး ဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်ကြပါသည်။**

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ငှက်ထုံးကျေးရွာသည် ပညာသင်ကြားရာတွင် ကျေးရွာအတွင်းမှ ကျောင်းသား/သူ များသည် မိုင်ဝက်ခန့်ဝေးသည့်တူးချောင်း အ.လ.က ကျောင်းတွင် မူလတန်းမှ အလယ်တန်း အထိပညာသင်ကြားကြရပါသည်။ အ.လ.က ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား/ကျောင်းသူပေါင်း(၃၆၀)ဦးရှိသောကြောင့် စာသင်ခန်းများလိုအပ်မှုရှိပါသည်။ ဆရာ/မ ပေါင်း (၁၂)ဦးသာရှိသောကြောင့် ပညာရေးဝန်ထမ်းအင်အား လိုအပ်ပါသည်။ ကျေးရွာသူကျေးရွာသားများ စာပေလေ့လာလိုက်စားမှု ရှိစေရန် စာကြည့်တိုက်နှင့် ကွန်ပျူတာများရှိပါသည်။

ကျေးရွာရှိလယ်သမားများ အဓိကစိုက်ပျိုးသီးနှံမှာ မိုးရာသီတွင် စပါးနှင့် ဆောင်းရာ သီတွင် ပဲမျိုးစုံတို့ကို စိုက်ပျိုးကြပါသည်။ ကွမ်းစိုက်ပျိုးခြင်းနှင့် နွား၊ ဝက်၊ ဒေသကြက်၊ ဘဲ စသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု မရှိ သောအိမ်ထောင်စုများ အနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ၊ လက်သမား ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ၊ ကွမ်းခူး၊ ပဲနှုတ်၊ ပဲခူးစသည့် အလုပ်များကို လုပ်ကိုင် ကြပါသည်။ ကျောင်းဆရာ/မ များနှင့် အခြားအစိုးရဌာနများတွင် ဝင်ရောက် အမှုထမ်းသူ များလည်း ရှိကြပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

**ငှက်ထုံး**ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသားဦးရေမှာ(၃၁၀)ယောက်ရှိပြီး အမျိုးသမီးဦးရေမှာ(၃၂၆)ယောက်ရှိပါသည်။ ကျပန်းနေ့စားအလုပ်တွင် အမျိုးသားတစ်ဦး လုပ်အားခမှာ (၅၀၀၀)ကျပ်ခန့်ရရှိပြီး အမျိုးသမီးတစ်ဦး၏ တစ်နေ့လုပ်အားခမှာ (၃၀၀၀)ကျပ်ခန့်ရရှိပါသည်။ နေ့စားအလုပ်များမှာ စက်မောင်း၊ ခြံရှင်း၊ ကွမ်းခြံဆင်၊ ဆေးဖျန်း၊ ကွမ်းခူး၊ ကွမ်းစီ၊ ကွမ်းညွန့်ချိ၊ အစာပက်၊ မြေထမ်းစသည့်လုပ်ငန်းများဖြစ်ပါ သည်။ ကျေးရွာ၏ အုပ်ချုပ်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများ ပါဝင်ဆော်ရွက်မှု မရှိ သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။ ကျေးရွာ၏ အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများ ဦးဆောင် ပါဝင်ကြသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ငှက်ထုံးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိကောင်းမွန်စေရန် များစွာအထောက်အကူပြုပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

**ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ မိဘဆရာ အသင်း၊ ရပ်မိရပ်မအဖွဲ့။ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီး အဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေး ကိစ္စ**ရပ်များကို **ကျေးရွာအုပ်ချုပ်ရေး အဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး** ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာန များ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

**ကျေးရွာရှိ လယ်သမားများ အဓိက စိုက်ပျိုးသောသီးနှံမှာ စပါး၊ မတ်ပဲနှင့် ကွမ်း တို့ ဖြစ်ကြပါသည်။ မိုးစပါးကို ယခင်က ရွှေ့ပြောင်းစိုက်သည့် စနစ်ကို ကျင့်သုံးကြသော်လည်း ယခုအခါ တိုက်ရိုက်စေ့ချစိုက်သည့် စနစ်ကိုပြောင်းလဲ၍ စိုက်ပျိုးလာကြပါသည်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိ**

**အထောက်အကူပြုပါသည်။ သို့သော် ဓာတ်မြေဩဇာနှင့် ရိတ်သိမ်းစရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များမှ အတိုးနှုန်း (၃) ကျပ်နှုန်းနှင့် အလွတ်ချေးငွေ (၅)ကျပ်တိုးအထိ ချေးယူရပါသည်။**

**ကွမ်းရွက်ကို စိုက်ပျိုးကြရာတွင် ရောဂါကင်းလွတ်သည့် စိုက်ခင်းတွင် တိုင် (၁၀၀၀) လျှင် တစ်လဝင်ငွေ တစ်သိန်းကျပ်ခန့် ရရှိသဖြင့် ဆင်းရဲသား မိသားစုများအတွက် အားထားစိုက်ပျိုးနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီးများစွာ ဆုံးရှုံးနိုင်ပါသည်။**

ငှက်ထုံးကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ နွား၊ ဆိတ်၊ ဝက်၊ ဒေသကြက်၊ ဘဲ မွေးမြူကြပါသည်။ ဥစားဘဲများ မွေးမြူခြင်းမရှိပဲ တစ်နိုင်တစ်ပိုင်သာ အနည်းငယ် မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်း တိုးတက်စေရန် နည်းပညာနှင့် ရောဂါထိမ်းချုပ်ရန် အထူးလိုအပ်ပါသည်။ ကျေးရွာတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရသော အိမ်ထောင်စုများလည်းရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ငှက်ထုံး**ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ** ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ စက်ချုပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ၊ ဆန်စက်လုပ်သား အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်သော ကြောင့် ရာသီအလိုက်သာ အလုပ်အကိုင်အခွင့်အလမ်းရရှိသောကြောင့် ပြင်ပသို့ အလုပ် ထွက်လုပ်ရင်း စားဝတ်နေရေးဖြေရှင်းနေကြရသည်။ **တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။**ထို့အပြင် တက္ကသိုလ်ဘွဲ့ရ များရှိသောကြောင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်သူများ အနည်းငယ် ရှိပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ် ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ် အစား ဓါတုပိုးသတ်ဆေးများကိုသာ

အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့် သည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးသော်လည်း **သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ ညောင်တုန်းမြို့နယ်တွင်း ရဲစခန်းတည်ရှိ၍ ကျေးရွာဒေသလုံခြုံရေးအတွက် တာဝန် ယူဆောင်ရွက်သောကြောင့် ဒေသအတွင်း မှုခင်းဖြစ်ပွားမှု အလွန်နည်းပါးပါသည်။**

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီး ဌာနတို့ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေး နိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ ချေးငွေသက်တမ်းကြာသည်နှင့် အမျှ ငွေပမာဏ တိုးမြှင့်၍ ချေးယူနိုင်သည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ်ကြောင့် ဆိုသော် ပုံမှန်ဝင်ငွေရ

လုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများ မရှိခြင်း တို့ကြောင့် ဖြစ်သည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

**၆၀'x ၃၀'ရှိသော တစ်ထပ်အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁)ဦး လက်ထောက်ဆရာ၊ ဆရာမ (၄) ဦး၊ စုစုပေါင်း (၅) ဦးရှိ ပါသည်။ ကျောင်းတွင်းအခန်းများကို (၃) ခန်းခွဲထားသော်လည်း ဘာဂျာတံခါးဖြင့် ပြုလုပ် ထားသောကြောင့် ဟောခန်းပုံစံ ဖြစ်နေပါသည်။ (၂) ခန်းတွဲအိမ်သာ တစ်လုံးရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများမှာ ကောင်းမွန်ပြည့်စုံပါသည်။**

**ရွာတွင် မူကြိုကျောင်းမရှိသေးပါ။ ကျောင်းတွင် သောက်ရေအတွက် အခက်အခဲ မရှိပါ။ ကျောင်းတွင်စက်ရေတွင်းနှင့် မိုးရေလှောင်ကန်ရှိပါသည်။ မူလတန်းပြီးသွားသော ကျောင်းသား/သူများသည် ညောင်တုန်းမြို့ရှိ အထက်တန်းကျောင်းများတွင် သွားရောက် ပညာသင်ကြားနေသော်လည်း အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင် ရွက်ရန်မှာ အရေးပါလှပါသည်။**

**ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက တစ်မိုင်ခွဲဝေးသော ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံအား အဓိကထား၍ သွားရောက်ပြသပါသည်။ ကျေးရွာတွင် အရံသားဖွား ဆရာမသင်တန်းတက်ထားသူတစ်ဦးရှိပါသည်။ ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ညောင်တုန်းမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူရပါသည်။ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပါက ရန်ကုန်မြို့နှင့် မအူပင်မြို့များသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ခန်းထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးထားရှိပါက ကျေးရွာအတွက် ကောင်းမွန်သော ကျန်းမာရေးအကျိုးသက်ရောက်မှုများ ရရှိလာပါမည်။**

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

**လူငယ်များသည် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက် ကြပါသည်။ အမျိုးသမီးဝတ်အဖွဲ့ ရှိပါသည်။ ရွာအလယ်တွင် ဓမ္မာရုံရှိပါသည်။ ထိုဓမ္မာရုံတွင် ဝါးတွင်း**

**အဖိတ်၊ဥပုဒ်နေ့များတွင် ထိုဝတ်အသင်းများကျင့် ပစ္စည်းပဌာန်းရွတ်ဖတ် ပူဇော်ကြ ပါသည်။ ကျေးရွာတွင် သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ ပြာသိုလတွင် ကရင်နှစ်သစ်ကူးပွဲ၊ တပို့တွဲလတွင် ထမနဲပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူ ပွဲတို့ကို နှစ်စဉ်နှစ်တိုင်း ကျေးရွာ၌ လူငယ်များနှင့် လူကြီးများ လက်တွဲ၍ စည်းကား သိုက်မြိုက်စွာ ကျင်းပကြပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက်သရော ပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု အားနည်းနေပါသည်။**

**(၉) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၃ ခုနှစ်တွင် အရှည် ၂၃၀၀ ပေ၊ အနံ ၆ပေ၊ ထု ၄လက်မ ရှိသော ရွာတွင်း ကွန်ကရစ်လမ်းကို ပြုလုပ်ပြီး ၂၀၁၇ ခုနှစ်တွင် အရှည် ၁၅၀၀ပေ၊ အနံ ၈ ပေ၊ ထု ၆ လက်မ ရှိသော ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းကို ပြုလုပ်ခဲ့ပါသည်။ ကျေးရွာအတွင်းလမ်း (၂၀၀၀) ကျော်ခန့်ကွန်ကရစ်ခင်းရန် ကျန်ရှိနေပါသည်။

ငှက်ထိုးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ကုန်လမ်းတစ်မျိုးတည်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုရပါသည်။ အသုံးပြုသော ယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီများကို သုံးစွဲကြပါသည် သို့ရာတွင် နှစ်ရှည်အတွက် အဆင်ပြေမှု မရှိပါ။ ထို့ကြောင့် နှစ်ရှည်အသုံးပြုနိုင်သော လျှပ်စစ်မီး ရရှိရန်လိုအပ်နေပါသည်။ ရှမ်းစုကျေးရွာ သည် ဓါတ်အားလိုင်းနှင့် ၁ မိုင်ခန့်သာ ဝေးပါသည်။

**(၁၂) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

**ကျေးရွာ၏ အိမ်ထောင်စုဝင်အားလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓ၏ အဆုံးအမအတိုင်း နေထိုင်ကျင့်သုံးကြပါသည်။ မသားစုဝင်များကဲ့သို့ပင် စည်းစည်း လုံးလုံးနေထိုင်ကြသဖြင့် ပြဿနာ ကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်းဖြစ်ပွားလေ့မရှိပါ။**

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ငှက်ထုံးကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေမှာ (၃၅၀) ဦးဖြစ်ပြီး ကျေးရွာ၏ (၇၀)% ရှိပါသည်။ ထို့အပြင် တက္ကသိုလ် ဘွဲ့ရဦးရေမှာ အနည်းငယ်သာရှိပါသည်။ ကျေးလက်ဖွံ့ဖြိုး ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ အသင့်အတင့်သာ ရှိပါသည်။ လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများ ကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

**(၁) စိုက်ပျိုးရေး**

**ငှက်ထုံးကျေးရွာတွင် မိုးစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးကြပါသည်။ ကွမ်းခြံလုပ်ငန်းနှင့် ရာသီပေါ်သီးနှံစိုက်ပျိုးရေးကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာအနီးရှိ ဆန်စက်များတွင် လည်း လုပ်ကိုင်သူများလည်း ရှိပါသည်။ စပါးထုတ်လုပ်မှုတစ်ခုမှ ကျေးရွာသူ/သားများ အတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့်ဖူလုံစေမည် ဖြစ်ပါသည်။**

**စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စု အများစုမှ အသက်မွေးဝမ်းကျောင်းမှု ပြုကြသဖြင့် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း သမဝါယမချေးငွေနှင့် ပက်-မြန်မာမှ ချေးငွေစသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့် အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။**

**(၃) ပညာရေး**

**ငှက်ထုံးကျေးရွာရှိ မူလတန်းကျောင်းမှာ ကျောင်းသား/သူများအတွက် သင့်တော် လုံလောက်မှု ရှိသည့်အပြင် မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်သည်များ ကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာဖြစ်ပါသည်။ ၎င်းအပြင် အလယ်တန်းနှင့် အထက်တန်းပညာများ သင်ယူမည့် အထက်တန်းကျောင်းနှင့် အကွာအဝေးမှာ (၁.၅) မိုင်သာ ရှိ၍ နေချင်းပြန် ကျောင်းတက်နိုင် မည်ဖြစ်ရာ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတတ်လူငယ် လူရွယ်များ ပေါ်ထွက် လာနိုင်မည် ဖြစ်ပါသည်။**

**(၄) ကျန်းမာရေး**

**ငှက်ထိုးကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်း များမှာ ကျေးရွာ သည် မြို့နယ်ဆေးရုံနှင့် (၁.၅) မိုင်သာ ကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများ အား လွယ်ကူစွာ ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။**

**လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီးကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ငှက်ထိုးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိ သော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက် များတွင် အားနည်းမှု ရှိနေပါသည်။

(၁) စိုက်ပျိုးရေး

**ငှက်ထိုးကျေးရွာတွင် စပါးခင်းများ အချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်း ခြွေလှေ့စက်များကို ငှားရမ်းအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် ရိတ်သိမ်းချွေလှေ့စက် တစ်ဦးချင်းပိုင်(၁)လုံးသာရှိပါသည်။ လမ်းများသွားလာရန်ကောင်းမွန်သဖြင့် သင့်တော်သော စက်များကို လွယ်ကူစွာငှားရမ်းနိုင်သော်လည်း ငှားရမ်းခတန်ဖိုးမြင့်မားနေပါသည်။**

**စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော် လည်း လိုအပ်သော သွင်းအားစုများကို အချိန်မှီထည့်သွင်းနိုင်မှု မရှိခြင်းကြောင့် အထွက်တိုး နည်းပညာများ၏ ရလဒ်များကို အထင်းအရှားမမြင်နိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ်ဖြစ်ထွန်းလာစေရန် များစွာအချိန်ယူရအုံး မည်ဖြစ်ပါသည်။**

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ**

**စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အခက်အခဲရှိခြင်းစသည့် တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။**

**(၃) ငွေကြေး**

ငှက်ထုံးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များ၊ ပက်-မြန်မာ စသည်တို့မှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေးငွေစည်းမျဉ်း စည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုး အမြတ် ဖြစ်ထွန်းရန် အဟန့်အတား ဖြစ်နေဆဲဖြစ်သည်။

(၄) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာ၏ ဓလေ့မှာ လူကြီးများသည် ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်းအချက် အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏အတွေ့ အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးရေးသဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

**(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

ကျွန်ုပ်တို့ ငှက်ထုံးကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက် ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေး ဖေါ်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/သားများဝင်ငွေ တိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေး များနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များ ကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

စီမံချက် (၁) လျှပ်စစ်မီးရရှိရေး

(၂) ကျန်ရှိသောရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း

(၃) ကျေးလက်ကျန်းမာရေးဆေးပေးဆောက်လုပ်ခြင်းလုပ်ငန်း

(၄) ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို အစဉ်အကောင် အထည်ဖော် ဆောင်ရွက်သွားပါမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် **အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက် အတွင်း လူကြိုက်များသောစပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက် များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။**

(၂) **လယ်သမားယော်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံ များ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီ သော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။**

(၃) **ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေး ဝမ်းကျောင်းနည်းပညာ

သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက် ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသ ထွက်ကုန်များ ဈေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများ ရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစား လုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန် များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၅) ကျေးရွာတွင်း လမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများ အတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေးသဖြင့် လတ်တလော ကာလတွင် အဆင်ပြေနိုင်မည့် ဆိုလာပြားများအား အိမ်တိုင်းစေ့ တပ်ဆင်နိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများ ထောက်ပံ့ပေးနိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ**

ရှမ်းစုကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြ သည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန် ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ငှက်ထုံးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ညောင်တုန်းမြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးကွေ့အစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာ စေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြားဒေသ များတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

**(ဂ)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေး ပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော် ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည်

အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ် ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက် တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊

- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| **ကဏ္ဍ / အကြောင်းအရာ** | **စီမံချက်** | **ရမှတ် အပေါင်းဆင့်** | | **စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက်** | **မှတ်ချက်** |
|---|---|---|---|---|---|
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၁။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၇၀ | ၅ | • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• ဈေးကွက် နှင့် သတင်းချိတ် ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန် ဈေးကွက်သို့ တက် လှမ်းခြင်း။<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | |
| ***အခြား ဝင်ငွေရ လုပ်ငန်းများ*** | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၂။ အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး | ၇၂ | ၄ | • ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေးခြင်း (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်)<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး | |
| ***ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |

| | | | | |
|---|---|---|---|---|
| **ချေးငွေ လက်လှမ်း မီရေး** | ၃။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၇၃ | ၃ | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း |
| ***လမ်းပန်း ဆက်သွယ်ရေး*** | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၄။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၈၀ | ၂ | • ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။ |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၅။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၈၂ | ၁ | • ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းရန်။<br>• သက်ဆိုင်ရာ ဦးစီးဌာနသို့တင်ပြခြင်း။ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစား ပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | မဟာဓါတ်အားလိုင်းရရှိရေး | ၁ | | Â | Â | Â | |
| ၂ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး | ၂ | | | Â | Â | Â |
| ၃ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၃ | | Â | Â | Â | Â |
| ၄ | အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၄ | | | | Â | Â |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၅ | | | Â | | |

### (ဈ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်း တစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင် ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေး ကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| **စဉ်** | **စီမံချက်** | **ရန်ပုံငွေ** | **သာမန်အသုံးစရိတ်** | **ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) ငွေလုံးငွေရင်းအသုံးစရိတ်** | | **လူသားချင်းစာနာမှု အထောက်အပံ့** |
|---|---|---|---|---|---|---|
| | | | | **ငွေလုံးငွေရင်းအသုံးစရိတ်** | **စွမ်းဆောင်ရည်မြှင့်တင်ရေး** | |
| ၁ | မဟာဓါတ်အားလိုင်းရရှိရေး ပို့ဆောင်ရေး အခြေခံ | | | | | |
| ၂ | အဆောက်အဦ များ တိုးတက်လာစေရေး | | | | | |

| | |
|---|---|
| | သင့်တင့်သော အတိုးနှုန်းဖြင့် |
| ၃ | ကာလ ရှည် ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ |
| ၄ | အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော် မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုး တက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်း ကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း

အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူ များထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေး အတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ငှက်ထုံးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာ တွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက် ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက

ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက် များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃)ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊

- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ (၁)**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

**၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|
| ၁ နှစ်အောက် | ၄ | ၄ | ၈ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၂၁ | ၁၆ | ၃၇ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၄၀ | ၃၈ | ၇၈ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၃၇ | ၂၇ | ၆၄ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၃၁၀ | ၃၂၆ | ၆၃၆ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၂၃ | ၂၁ | ၄၄ | သက်ကြီးရွယ်ကြီး |

| အသက်အုပ်စု | ကျား | မ | စုစု ပေါင်း | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|
| စုစုပေါင်း | ၄၃၅ | ၄၃၂ | ၈၆၇ | |
| စုစုပေါင်း အိမ်ထောင်စု = | ၁၉၀စု | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ငှက်ထုံးကျေးရွာ၏ လူဦးရေစာရင်းတွင် နို့စို့အရွယ်ကလေးငယ် (၁)လူ ဦးရေ၏ ၀.၉၂% သာရှိပါသည်။ ကျောင်းနေအရွယ်ကလေးငယ်များသော်လည်း ကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် ငယ်ရွယ်သော ကျောင်းသား ကလေးများမှာ (၁)မိုင်ခန့် ဝေးသောတူးချောင်းကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များနေကြောင်းတွေ့ရှိရပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုး | | | | |

| စဉ် | လုပ်ငန်းများ | **အဓိက အလုပ်အကိုင်** | | **အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင်လုပ်အား** | | |
| ၁ | **ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀၄ | ၁၅၅ | ၁၆၉ | မြင့်☐လတ် ■နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | ၁၁ | မြင့် ☐လတ် ☐နိမ့် ■ |
| ၂ | **တိရစ္ဆာန် မွေးမြူ ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| ၅ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □ လတ် နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် □ လတ် နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □ လတ် နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် □ လတ် နိမ့် □ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □ လတ် နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် □ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □ လတ် နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား/ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၁၈ | ၀ | မြင့် ☐လတ် ■နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော | ရပ်တည်နိုင်မှု (မှတ်ချက်ကို |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ) | သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| ၁၃ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| ၁၄ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| ၁၅ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| ၁၆ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | **ပညာရေး** | | | | |
| ၁၇ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☑ |
| | ကျန်းမာရေး | | | | |
| ၁၈ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐ိုမ့် ☐ |
| | အလုပ်သမား/ | ၁ | ၂ | ၀ | မြင့် ☐လတ် ☐ိုမ့် ■ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၉ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| ၂၀ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၇၅ | ၁၆၈ | ၀ | မြင့် ■ လတ် ☐ နိမ့် ☐ |
| | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| ၂၁ | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | **၁၉၀** | | **၁၃၇** | ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ‘ **အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**’ အရေအတွက်တွင် ‘ **မိသားစု ဝင်ငွေလုပ်အား**’ ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘ **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**’ ဆို သည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ- ‘**စိုက်ပျိုးရေး**’ ကဏ္ဍ၏ ‘**ကိုယ်ပိုင် လုပ်ငန်း**’ တွင် ရပ်တည် နိုင်မှု ‘**မြင့်**’ ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းအား ရွာ၏ ထက်ဝက် နီးပါးမျှ လုပ်ကိုင်သူများရှိသော်လည်း ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူဦးရေမှာ ပိုမိုများပြား ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအား အိမ်များ၌ တိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက် အနည်း အကျဉ်းမွေးထားသော်လည်း စီးပွားဖြစ်မွေးမြူသူများမှာ မရှိသလောက် နည်းပါးကြောင်းတွေ့ရှိရ ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| **စဉ်** | **အလုပ်အကိုင်** | **ရေတွက်ပုံ** | **အများဆုံး (ကျပ်)** | | **အနည်းဆုံး (ကျပ်)** | | **မှတ်ချက်** |
|---|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ကျား** | **မ** | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်းများ | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၀ | ၅၀၀၀ | ၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၃၀၀၀ | ၀ | ၃၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

**လေ့လာတွေ့ရှိချက်။ ။ ငှက်ထုံးကျေးရွာ၏**လုပ်ငန်းအများစုတွင် အမျိုးသားနှင့်အမျိုးသမီး လုပ်အားခနှုန်း ထားများ ကွာခြားသကဲ့သို့ လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းကျွမ်းကျင်မှု အပေါ်တွင်လည်း လုပ်ခနှုန်းထားများ ကွာခြားလျက်ရှိသည်ကိုတွေ့ရှိရပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၄၆.၅ | ကောင်း ☐ သင့် ■ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၄၆.၅** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျွန်ုပ်တို့ကျေးရွာသည် လယ်ယာပိုင်ဆိုင်မှုအသင့်အတင့်ရှိသော ဒေသ ဖြစ်သည့်အတွက် နှမ်းစပါး၊ မိုးစပါးများကို အဓိကထားလုပ်ကိုင်ကြသည့်အပြင် ပဲ၊ ပြောင်း၊ ဂျုံများ ကိုလည်း စိုက်ပျိုးကြတွေ့ရှိရပါသည်။သို့သော် လယ်ယာမြေ၏ မြေဆီလွှာအရည်သွေးမှာ ပြည့်ဝမှု မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|

| | | |
|---|---|---|
| | (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | |
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့ ရေနံ၊ကျောက်မျက် စသည်။) | များ ☐သင့် ☐နည်း ☐ရှိ ■ | လွယ်☐ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐သင့် ☐နည်း ■ရှိ ☐ ☐ | လွယ် ■ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ☐သင့် ☐နည်း ■ရှိ | လွယ် ■ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ☐သင့် ☐နည်း ■ရှိ ☐ | ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ငှက်ထုံးကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်းများ ကျောက်ခဲကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များသည် အနည်းအကျဉ်း ရှိသော် လည်း အလွယ်တကူ အသုံးပြုနိုင်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **နည်း** | **နည်း** | မရှိ |
| **အိမ်အခြေအနေ** | **ကောင်း** | **အသင့်အတင့်** | **ညံ့** | **ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်** | **အသင့်အတင့်** | **နည်း** | **မရှိ** | **မရှိ** |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ်အလတ် ရှိ သောအိမ်ထောင် စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ၊ နေ့စား လုပ်ငန်း | နေ့စား လုပ်ငန်း |
| အိမ်ထောင်စု - ၁၉၀ | ၁၉(၃၀.၂%) | ၃၀(၁၅.၇၈%) | ၁၂၃(၆၄.၇၃%) | ၁၆(၈.၄၂%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ၄င်းထိုးကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၁၉စု (၃၀.၂%)၊ မြေယာပိုင်ဆိုင်မှု (၃)ဧကမှ(၂၀)ဧကအထိ၊ အိမ်အခြေအနေမှာ တိုက် ခံ၊(၁)ထပ်၊(၂)ထပ်၊ ပျဉ်ထောင်၊သွပ်မိုးအိမ်၊ ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှုမှာ လက်တွန်း ထွန်စက်၊ ရေစုပ်စက်၊ ထော်လာဂျီတို့ဖြစ်သည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု ၃၀စု (၁၅.၇၈%)၊ မြေယာပိုင်ဆိုင်မှု (၁)ဧကမှ (၃)ဧကအထိ၊ အိမ်အခြေအနေမှာ ပျဉ်ထောင်၊သွပ်မိုး၊ ပျဉ်ခင်းအိမ်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုမှာ ရေစုပ်စက်၊ဆိုက်ကယ်၊စက်ဘီးတို့ဖြစ်သည်။ ဆင်းရဲသော အိမ်ထောင်စု ၁၂၃စု (၆၄.၇၃%)၊ မြေယာပိုင်ဆိုင်မှုမှာ (၁)ဧကအောက်၊ အိမ်အခြေအနေမှာသွပ်မိုး၊ဓနိမိုး၊ပျဉ်ကာ၊ပျဉ်ခင်း၊ထရံကာ တို့ဖြစ်သည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု ၁၆ စု (၈.၄၂%)၊ မြေယာပိုင်ဆိုင်မှုမရှိပါ၊ အိမ်အခြေအနေမှာ ဓနိမိုး၊ထရံကာ၊ပျဉ်ခင်း၊ ဝါးကပ်ခင်း ရှိကြောင်းတွေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အဆင်ပြေသော အိမ်ထောင်စုမှာ အသင့်အတင့်ရှိပြီး ဆင်းရဲသော အိမ်ထောင်စုမှာလည်း အသင့် အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသည် စီးပွားရေးအနေ အထားအရ ဆင်းရဲသော ကျေးရွာဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(င.၁)　　ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန် |
|---|---|---|
| ၃ လအောက် ဝမ်းစာ ဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၄ |
| ၃ လ နှင့် ၆လကြား ဝမ်းစာဖူလုံမှု | ၁၂ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၆ |
| ၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၁၃<br>လုပ်အားခကြိုယူ = ၇ |

ရင်းမြစ် ။ ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀% အဖြစ် အိမ်ထောင်စု ၄၃ စု ကို တွေ့ဆုံလေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုသည် ၃ လအောက် ၂၃.၈ %၊ ၃လနှင့် ၆ လအထိ ၂၈.၅၇ % နှင့် ၆လ မှ ၁၂ လ ၄၇.၆၁ % အထိ ရှိကြသည်။ ကျေးရွာတွင် ဆန်ရေစပါး ပေါများ သဖြင့်

**အိမ်ထောင်စုအများစုသည် တစ်နည်းနည်းဖြင့် နပ်မှန်ထမင်းကို စားသုံးနိုင်ကြပါသဖြင့် ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေမှာ ဆိုးဝါးသောအခြေအနေ၌ မပါကြောင်း တွေ့ရှိရ ပါသည်။**

**(င.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖိဝနှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁၈ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဘိုးဘွားများနှင့်မသန်စွမ်းသည့်ပုဂ္ဂိုလ် များမရှိပါ။ သို့သော် ဆင်းရဲ၍ မိသားစုဦးရေများပြီး အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၁၄)စုနှင့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု (၁၈)စု ရှိပြီး ထိုအိမ်ထောင်စုသည် စားဝတ်နေရေးအခက်အခဲ ကျပ်တည်းကြောင်းတွေ့ရှိရပါသည်။**

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐နိမ့် မ[redacted] ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐နိမ့် မ[redacted] ☐ |

| | | |
|---|---|---|
| ၃ | ရေကြီးခြင်း | မြင့် □ လတ် □နိမ့် မ■ □ |
| ၄ | မိုးခေါင်ခြင်း | မြင့် □ လတ် □နိမ့် မ■ ■ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် လတ်□ နိမ့် ■ မရှိ □ |
| ၆ | မုန်တိုင်း | မြင့် လတ်□ နိမ့် ■ မရှိ □ |
| ၇ | လျှော | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၈ | မီးဘေး | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် လတ်□ နိမ့် ■ မရှိ ■ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၃ | တီဘီရောဂါ | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် လတ်□ နိမ့် □ မရှိ ■ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် လတ်□ နိမ့် □ မရှိ ■ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ် ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေး

ရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ၁၂အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် -နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု- လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက်-မြင့်)

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာ၏ ၃၀%သောအိမ်ထောင်စုများသည် အလွန်ဆင်းရဲ၍ စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့နေရပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ရောဂါကျရောက်မှု နည်းပါး သော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ကျေးရွာဖွံ့ဖြိုးရေးတွင် နှောင့်နှေးလျက်ရှိကြောင်းတွေ့ရှိရပါသည်။

**(၁.၅.၄)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| **စဉ်** | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** |
|---|---|---|
| ၁ | လူငယ် | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက် နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)တွင်နေ ထိုင် သူ များ | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၉ | ငါးကန်ပိုင်ရှင် | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် □ လတ် ■ နိမ့် □ မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □ လတ် □ နိမ့် ■ မရှိ □ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေ ထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၁၄ | ရွှေတွင်းလုပ်သား | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၁၅ | ဆေးစွဲသူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် □ လတ် □ နိမ့် □ မရှိ ■ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □ လတ် □ နိမ့် ■ မရှိ □ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □ လတ် □ နိမ့် ■ မရှိ □ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူငယ်များသည် အတန်းပညာတစ်ပိုင်တစ်စနှင့် ကျောင်းထွက်ရပြီး၊ လက်ရှိအခြေအနေတွင်ခိုင်မာသော အသက်မွေးဝမ်းကြောင်းပညာမရှိကြပဲ ၄င်းတို့၏ဘဝ ရေရှည် တည်တံ့ရေးအတွက် အခက်အခဲရှိပါသည်။ လက်လုပ်လက်စား ကျပန်းများနှင့် မြေယာမဲ့ ဆင်းရဲသား တောင်သူများအတွက် ထိခိုက်လွယ်မှုအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| | | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | စွမ်းဆောင် |
|---|---|---|---|---|---|

| စဉ် | အဖွဲ့အစည်းအမည် | (မှန်ရာတစ်ခုကိုသာ ရွေးရန်) | ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ကျောင်းကော်မတီ | □ ၂■ ၃□ | ၆ | ၅ | ၉ | ပညာရေး■ ငွေကြေး■ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း■ သင့်□ ညံ့ □ |
| ၂ | ဂေါပကအဖွဲ့ | □ ၂□ ၃■ | ၂ | ၅ | ၇ | ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□ သင့်■ ညံ့ □ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးရွာရှိ လူငယ်များဖြင့် ဖွဲ့စည်း ထားသော ကျောင်းကော်မတီနှင့် ဂေါပကအဖွဲ့ရှိပြီး ထိုအဖွဲ့များတွင် လူကြီးများလည်း ပါဝင်ကြပြီး လူငယ်များနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ကျေးရွာအတွင်းရှိ ငွေကြေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ကြသည်မှာ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်းအမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐၂ ■ ☐ ၅☐ ၆☐၇ ☐ ☐ | ပညာရေး ☐ငွေကြေး ■<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့

များ(ဥပမာ-သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင်ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ၄င်းထိုးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမှာ Pact Myanmar ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းမှာ ကျေးရွာရှိ လယ်သမားများ၊ ဈေးဆိုင်ပိုင်ရှင်များနှင့် အခြားလုပ်ငန်းလုပ်ကိုင်သော လယ်သမားများ၊

ကျပန်းသမားများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေချေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ချေးငွေပံ့ပိုး မှုကဏ္ဍတွင် လုံလောက်သော ကျေးရွာ (၁)ရွာဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁၁၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၁၇ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၂၁ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၁၉၀ | ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင်းရှိအချို့အိမ်ထောင်စုများမှာ စိုက်ပျိုးမြေကနည်းသော်လည်း စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုအချို့လည်း တွေ့ရပါသည်။ စိုက်ပျိုးမြေယာမဲ့မှာ ရွာ၏ထက်ဝက်ကျော်ခန့်ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်သော လယ်ယာရှင်များထံတွင် နေ့စားလုပ်သား အဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | ရေသောက် (ဧက) | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ရာသီအလိုက်** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လုံလောက်မှု(ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ □ | ရှိ □မရှိ □မဖြေဆိုပါ □ |
| ၈ | ချောင်းရေ | ၁၂၂.၃ | တစ်နှစ်ပတ်လုံး □ရာသီအလိုက် ■ မဖြေဆိုပါ □ | ရှိ □မရှိ ■မဖြေဆိုပါ □ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက် ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် နွေးစပါး၊ မိုးစပါးစိုက်ပျိုးကြရာတွင် ချောင်းရေမှ နွေစပါးစိုက်ကေ (၁၂၂.၃) ခန့်သာ ချောင်းရေမှ ရေရယူပြီး စိုက်ပျိုးကြရပါသည်။ ထို့အပြင် လယ်ယာမြေများတွင် မိုးစပါးစိုက်ပျိုးပြီးလျှင် ပဲကိုလည်း စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| **သီးနှံ** | **စုစုပေါင်း စိုက်ကေ** | **တစ်ကေ အထွက်နှုန်း** | | | | **သီးနှံ စိုက်ပျိုးသည့် ကာလ** | | **သွင်းအားစု လိုအပ်ချက်** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အမြတ်ရရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်းဆုံး** | **အများဆုံး** | **ပျမ်းမျှ** | **မှ** | **ထိ** | | |
| မိုးစပါး | ၄၂၀.၅ ကေ | တင်း | ၈၀ | ၁၀၀ | ၆၀ | ဇွန် | ဒီဇင်ဘာ | မြင့်□လတ် ■နိမ့် □ | မြင့်□လတ် □ နိမ့် ■ |
| နွေစပါး | ၁၂၂.၃ ကေ | တင်း | ၇၀ | ၁၀၀ | ၈၅ | နိုဝင်ဘာ | မတ်လ | မြင့်□လတ် ■နိမ့် □ | မြင့်□လတ် ■ နိမ့် □ |
| ပဲ | ၄၂၀.၅ ကေ | တင်း | ၈ | ၁၅ | ၁၂ | နိုဝင်ဘာ | မတ်လ | မြင့်□လတ် ■နိမ့် □ | မြင့်□လတ် ■ နိမ့် □ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ၄က်ထုံးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၏ သွင်းအားစု များဖြစ်သော ဓာတ်မြေသြဇာ၊ ဒီဇယ်၊ ပိုးသတ်ဆေးများအား လိုအပ်ချက်မြင့်မားသောကြောင့် အကြွေးယူသုံးစွဲနေရပါသဖြင့် စပါးသီးနှံပေါ်ချိန်တွင် ဈေးကောင်းရသည်အထိ မစောင့်နိုင်ကြဘဲ ရရာဈေးဖြင့် ရောင်းချရသဖြင့် အမြတ်ရရှိမှု နည်းပါးပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| **စက်အမျိုးအစား** | **တစ်ဦးချင်း ပိုင်** | **ရွာပိုင်** | **အဖွဲ့ ပိုင်** | **ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်** |
|---|---|---|---|---|
| ထွန်စက် | ၁ | ၀ | ၀ | |

| | | | | |
|---|---|---|---|---|
| လက်တွန်းထွန်စက် | ၃၆ | ၀ | ၀ | ၃၉ |
| အစေ့ချကိရိယာ | ၀ | ၀ | ၀ | |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | ၀ | ၀ | |
| ရိတ်သိမ်းစက် | ၀ | ၀ | ၀ | |
| ခြွေလှေ့စက် | ၆ | ၀ | ၀ | |
| ရေစုပ်စက် | ၄၄ | ၀ | ၀ | |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | |
| မြက်ရိတ်စက် | ၂ | ၀ | ၀ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လယ်ယာသုံး စက်ပစ္စည်းများဖြင့် အဓိကထားလုပ်ကိုင်ကြကြောင်းတွေ့ရှိရပြီး တစ်ဦးချင်းပိုင် စက်ပစ္စည်းများ လည်း အသင့်အတင့်ပိုင်ဆိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **သဘာဝရေမြေရာသီဥတု အနေအထား** | **အလွန်ကောင်း** ☐ **ကောင်း** ☐ **သင့်တင့်မျှတ** ■ **မဖြေဆိုပါ** ☐ |
| **လယ်ယာမြေ အသုံးချနိုင်မှု** | **အလွန်ကောင်း** ☐ **ကောင်း** ☐ **သင့်တင့်မျှတ** ■ **မဖြေဆိုပါ** ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | **ပေါများ** ☐ **အသင်အတင့်ရှိ** ■ **မဖြေဆိုပါ** ☐ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | **အလွယ်တကူရသည်** ☐ **ရသည်** ■ **မဖြေဆိုပါ** ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်** ☐<br>**သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်** ■ **မဖြေဆိုပါ** ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ် | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်** ☐ **ဝယ်ယူရနိုင်သည်** ■ ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေသြဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ | **မဖြေဆိုပါ** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်** □ **ဝယ်ယူရနိုင်သည်** ■ **မဖြေဆိုပါ** □ |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူရနိုင်သည်** □ **ရနိုင်သည်** ■ **မဖြေဆိုပါ** □ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူရနိုင်သည်** □ **ရနိုင်သည်** ■ **မဖြေဆိုပါ** □ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်** □ **သီးနှံများကိုရောင်းချနိုင်သည်** ■ **မဖြေဆိုပါ** □ |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာ မြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် နည်းပညာအားနည်းသကဲ့သို့ နှစ်ရှည်ချေးငွေမရရှိပါသဖြင့် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရာတွင် နှောင့်နှေးကြန့်ကြာ ရပါသည်။ သွင်းအားစုများဈေးနှုန်းချိုသာစွာ ရရှိနိုင်ပါမှလယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။လိုအပ်နေပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်သော ကုမ္ပဏီများ၊ သွင်းအားစု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်လျှင် လယ်ယာလုပ်ငန်းခွင် တိုးမြှင့်ထုတ်လုပ် နိုင်သည့် နည်းစနစ်များ ကို ကျင့်သုံးလာနိုင်မည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာ နှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝရေမြေရာသီဥတုအနေ အထား | မြေဆီသြဇာမကောင်း □ ရာသီဥတုမမှန် ■ မဖြေဆိုပါ □ |
| လယ်ယာမြေအသုံးချနိုင်မှု | **လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ** ■<br>**လယ်ယာမြေဆုံးရှုံးမှုများသည်** □ |

| ပြဿနာ နှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်** □<br>**ပလပ်မြေများရှိသည်** □<br>**ပလပ်မြေအသင့်အတင့်ရှိသည် မဖြေဆိုပါ** □ □ |
| စိုက်ပျိုးရေအရင်းအမြစ် | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူမရနိုင်** ■ **လုံးဝမရ** □ **မဖြေဆိုပါ** □ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ** ■ **သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ** □ □<br>**မဖြေဆိုပါ** |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | **ဆိုးရွားစွာကျ** □ **အသင့်အတင့်ကျ** ■ **အနည်းငယ်** □<br>**မဖြေဆိုပါ** □ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး စိုက်ပျိုးသော

စိုက်ပျိုးသီးနှံများတွင် အချိန်အခါမဟုတ် ပိုးမွှားအန္တရာယ်ကျရောက်လျက်ရှိ သောကြောင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့ကျခြင်းကို ကြုံတွေ့နေကြရပြီး အရည်အသွေး မပြည့်မီသောကြောင့် ဈေးနှုန်းရရှိမှုနည်းပါးလာက တောင်သူလယ်သမားများ၏ အကျိုးစီးပွားမှာ ဆုတ်ယုတ်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၇ | ၅၈ |
| နို့စားနွား | ၀ | ၀ |
| ကျွဲ | ၀ | ၀ |
| မြင်း | ၁ | ၂ |
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၁ | ၄ |
| သိုး | ၀ | ၀ |
| ဝက် | ၂၃ | ၅ |
| ကြက် | ၇၂ | ၅၇၁ |
| ဘဲ | ၂၅ | ၂၉၄ |
| နွားနောက် | ၀ | ၀ |
| ငါးလုပ်ငန်း | ၂ | ၀ |
| ငါးကန် | ၀ | ၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | ၀ | ၀ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ရေချိုငါးဖမ်းလုပ်ငန်း | ၀ | ၀ |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်မှုနည်းပါးပြီး ကြက်၊ဝက်၊ဘဲများကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ငါးလုပ်ငန်းလုပ်ကိုင်သူများလည်း ရှိကြောင်းတွေ့ရှိရပါသည်။**

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐အသင့်အတင့် မ■ဆိုပါ ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင် ■မဖြေဆိုပါ ☐ |
| မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐<br>မျိုးကောင်းတိရိစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ■<br>မဖြေဆိုပါ☐ |
| ဈေးကွေ | ဈေးငွေလွယ်ကူစွာရနိုင်☐ဈေးငွေအသင့်အတင့်ရနိုင်■မဖြေဆိုပါ☐ |
| သွင်းအားစု(မွေးမြူရေးအစာဆေး စသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ■ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှုနှင့် နည်း ပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူရ နိုင်သည် |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော ☐ အကွက်ကို ရွေးရန်။) |
|---|---|
| | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☐<br>မဖြေဆိုပါ ■ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည် ■<br>မဖြေဆိုပါ ☐ |
| အိမ်ခြံဝန်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်ရှိသည် ☐အသင့်အတင့်ရှိသည် ■ မဖြေဆိုပါ ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | အလွန်ကောင်း☐ ကောင်း ☐သင့်တင့်မျှတ ■မဖြေဆိုပါ ☐ |
